EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၀

ဇွန် ၂ ရက်၊ ၂၀၂၀




ဓာတ်ပုံ-ပြည်ထောင်စုလွှတ်တော်ဖေ့စ်ဘွတ်စာမျက်နှာ

## တိုင်း၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းအား ယနေ့အတည်ပြု

မေ ၂၉၊ ၂၀၂၀

တိုင်း၊ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအား ယနေ့တွင် တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က ယနေ့တွင် အတည်ပြုလိုက်သည်ဟု သိရသည်။

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး (ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်-၃) က အဆိုတင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိခဲ့ဟုသိရသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးနေမျိုးထွန်းက "အခုပြဋ္ဌာန်းလိုက်တဲ့ တိုင်း၊ ပြည်နယ်များရဲ့ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းဟာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ တိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတွေ တွေ့ဆုံရာကနေတစ်ဆင့် ပေါ်ပေါက်လာတဲ့ ဥပဒေကြမ်းလို့ပြောလို့ရသလို၊ တိုင်း၊ ပြည်နယ်တွေအတွက် ဘဏ္ဍာရေးနဲ့စပ်လျဉ်းပြီး ပထမဦးဆုံး ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ခုလို့လည်း ပြောလို့ရတယ်။ ဒီတော့ မေးနိုင်တယ်။ အရင်က ဘယ်လိုလုပ်သလဲပေါ့။ ဘဏ္ဍာရေးကော်မရှင်ဆိုတာရှိတယ်။ ဒီထဲ တိုင်း၊ ပြည်နယ်ဝန်ကြီးချုပ်တွေလည်း အဖွဲ့ဝင်အဖြစ်ပါရတဲ့ကော်မရှင်။ ဒီကော်မရှင်ရဲ့ ညွှန်ကြားချက်အတိုင်းလုပ်ဆောင်ရတယ်။ အခုတော့ ညွှန်ကြားချက်အစား ဥပဒေပြဋ္ဌာန်းပေးပြီး ဥပဒေအတိုင်းဆောင်ရွက်ခိုင်းတာ။ ဒီ့အတွက် ဥပဒေပြဋ္ဌာန်းပေးတာ"ပါဟု ရှင်းပြသည်။

ဥပဒေပြဋ္ဌာန်းပေးလိုက်ပြီဖြစ်၍ ဘဏ္ဍာငွေအရအသုံးနှင့် ပတ်သက်၍ အချိန်တိကျမှန်ကန်သွားခြင်း၊ စနစ်တကျဖြစ်သွားခြင်းစသည့် အကျိုးရလဒ်များ ရရှိသွားမည်ဟုလည်း ၎င်းကမှတ်ချက်ပြုသည်။

(ကိုးကား-Myanmar Harp)

# ရခိုင်ပြည်နယ်အတွက် အိန္ဒိယထောက်ပံ့ငွေကိစ္စ လွှတ်တော်တွင် မေးခွန်းထုတ်

**မေ ၂၈၊ ၂၀၂၀**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အသုံးပြုရန် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ထားသော အမေရိကန်ဒေါ်လာ ၅ သန်းမှာ ယခုနှစ်အတွက် ရေးဆွဲထားသော ဘတ်ဂျက်(လျာထားချက်) ၌ မပါဝင်သဖြင့် လွှတ်တော်၌ မေးခွန်းထုတ်ခဲ့ကြသည်။

မေလ ၂၅ ရက်က ကျင်းပသော ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ပြည်နယ်အစိုးရက ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးအရ/အသုံး ခန့်မှန်းခြေငွေစာရင်း (လျာထားချက်)အား လွှတ်တော်သို့ တင်သွင်းခဲ့သည့်အပေါ် ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဝင်းက မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ၁ နှစ်လျှင် ဒေါ်လာ ၅ သန်း ထောက်ပံ့ ထားပြီး ၅ နှစ်တာအတွက် စုစုပေါင်း ဒေါ်လာ ၂၅ သန်း ကူညီထောက်ပံ့ရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွက် အိန္ဒိယထောက်ပံ့ငွေနှင့်ပတ်သက်ပြီး ဧရာဝတီမှ ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ကျော်ဇံအား မေးမြန်းခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အစီအမံများဖြင့် လုပ်ဆောင်ရသည်ဖြစ်၍ ပြည်နယ်သို့ ချပေးလာခြင်းမရှိသေးသဖြင့် ပြည်နယ်အစိုးရ၏ဘတ်ဂျက် (လျာထားချက်)ထဲ၌ မပါဝင်သေးခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

၎င်းက ဆက်လက်၍ "ကျွန်တော်သိရသလောက် သူတို့ဆီက လုပ်ငန်းတွေဟာ MOU ထိုးထားတာတော့ ကြာပြီ။ လုပ်ငန်းစဉ်တွေ မကျသေးဘူး။ ဒါကြောင့် ဒီဥစ္စာတွေဟာ အိန္ဒိယနဲ့ လူကယ်ပြန် ဝန်ကြီးဌာနနဲ့ MOU လုပ်ထားတာဖြစ်တဲ့အတွက် ပြည်နယ်ဘတ်ဂျက်ထဲမှာတော့ ပါဝင်ခြင်း မရှိသေးဘူး"ဟု ဧရာဝတီသို့ ပြောသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်က အိန္ဒိယထောက်ပံ့သည့် ၅ နှစ်တာ အတွက် ဒေါ်လာ၂၅ သန်းကို ၂၀၂၀- ၂၀၂၁ ခုနှစ်အထိ ယခင်ကတည်းက အစီအမံများ ရေးဆွဲပြီးသားဖြစ်သည့်အတွက် ယခုနှစ်ပြည်နယ်ဘတ်ဂျက်၌ ပါဝင်လာမှုမရှိခြင်းမှာ မေးခွန်းထုတ်စရာဖြစ်ကြောင်း ထောက်ပြဝေဖန်သည်။

ရခိုင်ပြည်နယ်အတွက် အိန္ဒိယနိုင်ငံ၏ ထောက်ပံ့ငွေများဖြင့်လုပ်ကိုင်ရန် လုပ်ငန်းအစီအစဉ်များမှာ ဆိုလာစနစ်ဖြင့် မီးလင်းရေးစနစ် လုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်းအစီအမံများ ပါဝင်ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်သို့တင်သွင်းခဲ့သည့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် ဘတ်ဂျက် (လျာထားချက်)နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက ဆွေးနွေးခဲ့ကြရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များထက် တောင်ပိုင်းမြို့နယ်များဖြစ်သည့် သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ရမ်းဗြဲစသည့်မြို့နယ်များတွင် စီမံကိန်းလုပ်ငန်းအများအပြား ရေးဆွဲထားသည်ကို တွေ့ရှိရသည့်အတွက် တောင်ပိုင်းနှင့် မြောက်ပိုင်းအား ခွဲခြားရေးဆွဲထားသည်ကို တွေ့ရှိရကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ဝေဖန်ထောက်ပြခဲ့ကြသည်။

**(ကိုးကား-https://burma.irrawaddy.com)**

# မွန်ပြည်နယ်အတွင်း လုပ်ငန်းတင်ဒါအောင်စာရင်းတွင် မှတ်ပုံမတင်ထားသောကုမ္ပဏီများ ပါဝင်နေဟုဆို

**မေ ၃၁၊ ၂၀၂၀**

မွန်ပြည်နယ်၏ဘဏ္ဍာငွေသုံးစွဲပြီး ဆောင်ရွက်နေသောလုပ်ငန်းများအတွက် တင်ဒါအောင်စာရင်းထုတ်ပြန်ရာတွင် မှတ်ပုံတင်ထားခြင်း မရှိသောကုမ္ပဏီနှင့် သက်တမ်းကုန်နေသည့်ကုမ္ပဏီများ ပါဝင်နေကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောသည်။

မေလ ၂၉ ရက် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့၏ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများနှင့် ဆောင်ရွက်ခဲ့မှုနစ်ကို သိရှိလိုကြောင်း မေးခွန်းမေးပြီးနောက် ၎င်းက မီဒီယာများကို အထက်ပါအတိုင်းပြောခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်မှာ မှတ်ပုံတင်မထားတဲ့ ကုမ္ပဏီတွေ၊ သက်တမ်းမရှိတော့တဲ့ ကုမ္ပဏီတွေက တင်ဒါအောင်စာရင်းထဲမှာပါနေပြီးတော့ နိုင်ငံသားပိုင်ကုမ္ပဏီတွေ၊ နိုင်ငံတော်ကို အခွန်ဆောင်ပြီးတော့ တရားဝင်လုပ်နေတဲ့ ကုမ္ပဏီတွေကတော့ လုပ်ငန်းတင်ဒါရခြင်းမရှိဘူးဆိုတဲ့ ဝေဖန်မှုတွေ မြင့်တက်လာတယ်"ဟု ဦးအောင်ကျော်သူက ပြောသည်။

ဝေဖန်မှုများမြင့်တက်လာသဖြင့် လွှတ်တော်၏ ဘဏ္ဍာရေးစီမံကိန်းကော်မတီမှ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးသို့ ဌာနအလိုက် တင်ဒါအောင်စာရင်းများကို တောင်းခံပြီး စစ်ဆေးရာတွင် မေလ ၂၂ ရက်အထိ ပြန်လည်မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ ၂၀ ကို တွေ့ရှိကြောင်း ၎င်းက ပြောသည်။

မှတ်ပုံတင်ထားခြင်းမရှိသော ကုမ္ပဏီများ ပါဝင်နေသဖြင့် နိုင်ငံတော်အစိုးရကို တရားဝင်အခွန်ဆောင်ပြီး ဆောင်ရွက်နေသော ကုမ္ပဏီများအတွက် နစ်နာမှုရှိသည့်အပြင် ဥပဒေနှင့်မညီသော လုပ်ရပ်ဖြစ်ကြောင်း ဦးအောင်ကျော်သူကပြောသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က "ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ လုပ်ငန်းမှတ်ပုံတင်ထားခြင်းမရှိတဲ့၊ သက်တမ်းမရှိတဲ့ကုမ္ပဏီတွေကို တင်ဒါလုပ်ထုံးလုပ်နည်း ၁/၂၀၁၇ အရ တင်ဒါအောင်ဖို့ ခွင့်မပြုသလိုလုပ်ငန်း ၇၀ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်းပြီးတဲ့အချိန်အထိ မရှိသေးရင် လုပ်ထုံးလုပ် နည်းနဲ့အညီ အရေးယူပေးမယ်"ဟု ပြောသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် လုပ်ငန်းမှတ်ပုံတင်ထားခြင်း မရှိ၊ သက်တမ်းမရှိသောကုမ္ပဏီများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီအဖြစ် သတ်မှတ်ပေးခြင်းမရှိဘဲ သက်တမ်းရှိပြီးလုပ်ငန်း လိုင်စင်ရှိသော ကုမ္ပဏီများကိုသာ တင်ဒါပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

**(ကိုးကား-https://7day.news)**

# ဘီလင်းမြစ်အား အချိန်မီထိန်းသိမ်းကာကွယ်ရန် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းရန် တောင်းဆို

ဇွန် ၁၊ ၂၀၂၀



မွန်ပြည်နယ်၊ ဘီလင်းမြို့ရှိ ဘီလင်းမြစ်သည် လက်ရှိတွင် အတော်ပျက်စီးနေသည့် အနေအထားရှိနေပြီး အချိန်မီ ထိန်းသိမ်းကာကွယ်ရန် စုံစမ်းရေးကော်မတီဖွဲ့စည်းရန် သထုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက တောင်းဆိုလိုက်သည်။

ဘီလင်းမြစ် အဓိကပျက်စီးစေသည့် အကြောင်းအရင်းတစ်ခုမှာ ဖြစ်ဖျားပိုင်းကရင်ပြည်နယ်ဘက်က ရွှေတူးဖော်လုပ်ငန်းများမှ စွန့်ပစ်အညစ်အကြေးများကြောင့် ဘီလင်းမြစ် အဓိကပျက်စီးစေသည့် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် သဘာဝထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေးကော်မတီမှ မေလ ၂၈ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ဘီလင်းမြစ်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြောင့် ဒေသခံပြည်သူများ လူမှု၊ စီးပွား ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် အချိန်မီပြန်လည်ကုစားမှုနှင့်ပတ်သက်သည့် အစီရင်ခံစာအား ဆွေးနွေးစဉ် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

"တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေတွေမှာ တရားမဝင် (ရွှေတူးဖော်) လုပ်ဆောင်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်မယ်ဆိုရင်တော့ အဓိကပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဒီကိစ္စရပ်နဲ့ ပတ်သက်ဆက်နွယ်နေတာကို စုံစမ်းစစ်ဆေးရေးကော်မတီတစ်ခုလို ဖွဲ့ပြီးတော့ ကြီးကြပ်ဆောင်ရွက်တာမျိုးတွေ နောက်ပြီးတော့ ပြည်နယ်အဆင့်မှာရှိနေတဲ့ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေးအဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုအဆင့်မှာရှိတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်အဖွဲ့တွေ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်မယ်ဆိုရင် အကျိုးရှိရမယ့်ရလဒ်တစ်ခုရမယ်လို့ မြင်ပါတယ်"ဟု သထုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောသည်။

ဘီလင်းမြစ် မြစ်ဖျားက ရွှေတူးဖော်မှုလုပ်ငန်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၏ နယ်မြေဒေသဖြစ်နေပြီး ဘီလင်းမြစ် ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက်ဆိုလျှင် သက်ဆိုင်ရာ ဆက်စပ်အစိုးရနှင့် တိုင်းရင်းသားလက်နက်အကိုင်အဖွဲ့ တပ်မတော်တို့က အဓိကကျကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

"ထိန်းသိမ်းဖို့ အဓိကအချက်ကတော့ ဆက်စပ်နေတဲ့ အစိုးရအဖွဲ့ မွန်ပြည်နယ်အစိုးရဲ့ ကရင်၊ ပဲခူးစတဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့ လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်၊ ပြည်သူတွေရဲ့ နောက်တစ်ခုက အဲဒီမှာအခြေချနေတဲ့ EAO အဖွဲ့အစည်းကနေ ပူးပေါင်းပြီး ညှိနှိုင်းပြီးတော့မှာ ဒါကိုအကောင်အထည်ဖော် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့က အဓိကကျပါတယ်"ဟု ဒေါက်တာမင်းကြည်ဝင်းက ဆိုသည်။

ဘီးလင်းမြစ်အထက်ပိုင်းက ရွှေတူးဖော်လုပ်ကွက်များကြောင့် ယခုအခါ ဘီးလင်းမြစ်သည် အဆိပ်သင့်ခဲ့ပြီး မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာအုပ်စု ၂၂ စုမှ လူဦးရေ ၆၀၀၀၀ ကျော်တို့၏ လူမှု စီးပွားနှင့် တိရစ္ဆာန်များအတွက် များစွာထိခိုက်ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း မွန်ပြည်နယ်လွှတ်တော် သဘာဝထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ (ဘီလင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) ဒေါက်တာခင်နိုင်ဦးက ပြောသည်။

**(ကိုးကား:-Southern Myanmar News)**